# သင် အန္တရာယ် ရှိနေပြီလား

## ဩစတြေးလျလူမျိုး ၃ ယောက်တွင် ၁ ယောက်သည် ကျောက်ကပ် ရောဂါ အန္တရာယ် တိုးပွားလျက် ရှိနေသည်။

### ကျောက်ကပ် ရောဂါဟူသည် အဘယ်နည်း။

သွေးစစ်ကိရိယာများအဖြစ် ဆောင်ရွက်သည့် သင့် ကျောက်ကပ်များအတွင်းရှိ နက်ဖရွန်များ ပျက်စီးသောအခါ ကျောက်ကပ် ရောဂါဖြစ်ပေါ်သည်။ ဤသို့ပျက်စီးမှုသည် ခန္ဓာကိုယ်အတွင်း အညစ်အကြေးနှင့် အရည်များ စုပုံလာစေသည်။



### ကျွန်ုပ် ကျောက်ကပ် ရောဂါ အန္တရာယ် ရှိနေပြီလား။





သင့်တွင် အောက်ပါအခြေအနေများရှိလျှင် သင်သည် ကျောက်ကပ် ရောဂါ အန္တရာယ် ပိုရှိသည်။

- ဆီးချိုရှိလျှင်
- မြင့်မားသော သွေးဖိအား ရှိလျှင်
- အဝလွန်လျှင် (BMI ၃၀ သို့မဟုတ် ထိုထက်ပို)
- ဆေးလိပ်သောက်လျှင်
- ကျောက်ကပ် ရောဂါရာဇဝင်ရှိသည့် မိသားစု ရှိလျှင်
- သင်သည် မူလ ဩစတြေးလျ ရှေးဦး တိုင်းရင်းသား သို့မဟုတ် Torres ရေလက်ကြား ကျွန်းသူကျွန်းသားဖြစ်လျှင်
- အသက် ၆၀ ကျော်လျှင်
- အခြေခိုင်နေပြီးဖြစ်သည့် နှလုံးဆိုင်ရာ ပြဿနာများ (နှလုံး ကောင်းစွာ အလုပ်မလုပ်ခြင်း သို့မဟုတ် အတိတ်က နှလုံး ရုတ်တရက် ရပ်တန့်သွားခြင်း) နှင့်/သို့မဟုတ် လေဖြတ်ခြင်း ဖြစ်ဖူးခြင်း

### ကျောက်ကပ် ရောဂါ၏ လက္ခဏာများမှာ အဘယ်နည်း။

မည်သည့် ရောဂါလက္ခဏာမှ မတွေ့ရမီ ၎င်းတို့၏ ကျောက်ကပ် လုပ်ဆောင်မှု ၉၀%အထိ ပျက်စီးရသည်မှာ လူများအတွက် အတွေ့ရများသည်။

ပထမဆုံး လက္ခဏာများသည် ယေဘုယျဖြစ်ပြီး အောက်ပါတို့ပါဝင်နိုင်သည်။

- သွေးဖိအား မြင့်မားခြင်း၊
- ဆီး၏ ပုံပန်းသဏ္ဌာန် ပြောင်းလဲခြင်းများ၊
- ဆီးထဲတွင် သွေးပါခြင်း၊
- ဆီးသွားသည့် ပမာဏနှင့် အကြိမ်အရေအတွက် ပြောင်းလဲခြင်းများ၊






### ကျောက်ကပ် ကျန်းမာရေး စစ်ဆေးခြင်းဟူသည် အဘယ်နည်း။



ကျောက်ကပ် ကျန်းမာရေး စစ်ဆေးရန် သင်၏ အထွေထွေရောဂါကု ဆရာဝန်အား တောင်းဆိုပါ။ ၎င်းတွင် သွေးစစ်ခြင်း၊ သွေးဖိအား စစ်ဆေးခြင်းနှင့် ဆီး စစ်ဆေးခြင်းများ ပါဝင်လိမ့်မည်။

### စောစီးစွာ စမ်းသပ်တွေ့ရှိမှုသည် အထောက်အကူဖြစ်ပါသလား။

ကျောက်ကပ် ရောဂါကို စောစီးစွာ ရှာဖွေတွေ့ရှိလျှင် ဆေးဝါး၊ အစားအသောက်နှင့် ဘဝနေထိုင်ပုံ ပြောင်းလဲခြင်းတို့သည် သင့် ကျောက်ကပ်များ၏ သက်တမ်းကို တိုးစေနိုင်ပြီး ဖြစ်နိုင်သမျှ အကြာမြင့်ဆုံး သင့်အား ကျန်းမာနေစေနိုင်သည်။

## နောက်ဆုံးအဆင့်သို့ ရောက်နေသော ကျောက်ကပ် အလုပ်မလုပ်ခြင်းအတွက် ရွေးချယ်စရာ ကုသမှုများမှာ အဘယ်နည်း။

ကျောက်ကပ် အလုပ်မလုပ်ခြင်းအတွက် ပျောက်ကင်းအောင် ကုသမှုမရှိပါ။ ကုသမှု ရွေးချယ်စရာများတွင် အောက်ပါတို့ပါဝင်သည်။

**(Peritoneal Dialysis) ဝမ်းဗိုက်အတွင်းရှိ ခန္ဓာကိုယ်တစ်ရှူးများကို စစ်ထုတ်ကိရိယာအဖြစ် အသုံးပြုလျက် ကျောက်ကပ်သန့်စင်ခြင်း**
ဝမ်းဗိုက်အတွင်းသို့ ပိုက်တစ်ခုကို အမြဲတမ်း ထည့်သွင်းထားသည်။ ခန္ဓာကိုယ်မှ အညစ်အကြေးများကို ထုတ်ယူရန် အထူးပြုလုပ်ထားသော အရည်များကို ပုံမှန် ထည့်သွင်းသည်။

**(Haemodialysis) သွေးသန့်စင်ခြင်း၊ စက်ဖြင့် ခန္ဓာကိုယ်မှ အညစ်အကြေးများကို သန့်စင်ခြင်း**
သင့် သွေးကို သန့်စင်ရန် အိမ် သို့မဟုတ် ဆေးရုံတွင် ရက်သတ္တပတ်လျှင် အနည်းဆုံး ၃ ကြိမ်၊ တစ်ကြိမ်လျှင် ၅ နာရီခန့် သွေးသန့်စက်နှင့် ဆက်သွယ်ခြင်းပါဝင်သည်။



**ကျောက်ကပ်အစားထိုးခြင်း**
သင်သည် ကျောက်ကပ်အစားထိုးခြင်းအတွက် သင့်တော်လျှင် ကျောက်ကပ်တစ်ခု ရရှိလာရန် သင့်အနေဖြင့် ပျမ်းမျှ ၄-၇ နှစ်အထိ စောင့်နိုင်သည်။

**ထိန်းသိမ်းထားသော ကုသမှု**
ကျောက်ကပ်၏ လုပ်ဆောင်မှုကို အစားထိုးရန် ကျောက်ကပ်အစားထိုးခြင်း သို့မဟုတ် ကျောက်ကပ်သန့်စင်ခြင်း မပြုလုပ်လျှင် ဘဝနိဂုံးချုပ်ခြင်း ဖြစ်လိမ့်မည်။ လူနာသက်သာစေရန် ရောဂါလက္ခဏာများအား ကုသမှုကို ထိန်းသိမ်းထားသည်။

www.kidney.org.au
1800 4 KIDNEY
543639

KIDNEY HEALTH® AUSTRALIA

Burmese